# အခန်း(၁)

## မုတ်ကောင်သားဖောက်ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းများ လျှောက်ထားရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ **လုပ်ငန်းစတင်လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များ**

(က) ကုမ္ပဏီမှတာဝန်ရှိသူ (ဥက္ကဋ္ဌ/မန်နေဂျင်းဒါရိုက်တာ)ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် လျှောက်လွှာပုံစံ(မပလ-၁)၊(မပလ-၂)

( ခ ) သက်တမ်းရှိသောကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊

( ဂ ) ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်စာရင်းပုံစံ(၆)၊ ပုံစံ(၂၆)၊

(ဃ) ဒါရိုက်တာအဖွဲ့ဝင်များ၏ အချက်အလက်များ၊ ရောင်စုံဓာတ်ပုံနှင့် လက်မှတ်မူရင်းပါဝင်သော ဇယား၊

( င ) ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်း၊

( စ ) အဆိုပြုလျှောက်ထားသည့် လုပ်ကွက်၏ တစ်လက်မတစ်မိုင်စကေး မြေပုံညွှန်းအမှတ်များပါဝင်သည့် တည်နေရာပြမြေပုံ (ရောင်စုံဖြင့်)

(ဆ) (၁)လအတွင်းရယူထားသော ကုမ္ပဏီ၏ ငွေကြေးခိုင်မာမှု အထောက်အထား (မူရင်း)၊

( ဇ ) ကုမ္ပဏီတည်ရှိရာကျွန်းစခန်းတွင် ကျေးရွာရှိပါက ၎င်းကျေးရွာတွင် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူကြောင်း ဒေသခံပြည်သူလူထု၏ ထောက်ခံချက်၊

(ဈ) ကုမ္ပဏီ၏ လိပ်စာမှန်ကန်ကြောင်း ကုမ္ပဏီအခြေစိုက်တည်ရှိရာ ရဲစခန်း၏ ထောက်ခံချက်(မူရင်း)နှင့် လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ (ပြည်ပကုမ္ပဏီများ အတွက်သက်ဆိုင်ရာသံရုံးထောက်ခံချက်)

(ည) အသုံးပြုမည့် ပုလဲမွေးမြူရေးကျွမ်းကျင်သူ၊ မုတ်ကောင်သားဖောက်ကျွမ်းကျင်သူ၊ မုတ်ကောင်ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူ၊ ပုလဲမွေးမြူရေးရေငုပ်ကျွမ်းကျင်သူ၊

( ဋ ) ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်ရန် ဆရာဝန်/ကျန်းမာရေးမှူး၊

( ဌ ) ပုလဲမွေးမြူရေးလုပ်ငန်းအတွက် လိုအပ်မည့် မော်တော်ယာဉ်၊ ရေယာဉ်စာရင်း၊ အဆောက်အဦစာရင်း၊ စက်နှင့် စက်ကိရိယာပစ္စည်းစာရင်းများကို ဖော်ပြရန်၊

( ဍ ) အဆိုပြုလွှာ(Proposal) ။

## ၂။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ စိစစ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

အဆိုပြုကုမ္ပဏီသည် ဝန်ကြီးရုံးနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းသို့မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(က)အရ ကျွန်းစခန်းမြေပုံ အပါအဝင် ပုံစံ(မပလ-၁)ဖြင့် တင်ပြခြင်း၊ မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ခ) အရ ကျွန်းစခန်းမြေပုံ အပါအဝင် ပုံစံ(မပလ-၂)ဖြင့် တင်ပြလျှောက်ထားလာလျှင် အောက်ပါအတိုင်း အဆင့်ဆင့် စိစစ် ဆောင်ရွက်ရပါသည် -

(က) ကုမ္ပဏီမှတင်ပြလာသောအဆိုပြုချက်အား မြန်မာ့ပုလဲလုပ်ငန်းမှ စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီ ပြည့်စုံပါက ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခြင်း၊

(ခ) ပြည်ထောင်စုဝန်ကြီးရုံးမှ မြန်မာ့ပုလဲလုပ်ငန်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားခြင်း၊

(ဂ) ကုမ္ပဏီအဆိုပြု ကျွန်းစခန်းဧရိယာအား ပြည်ထောင်စုဝန်ကြီးရုံးမှတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာနသို့ ပေးပို့၍ ဧရိယာသုံးစွဲခွင့်အား သဘောထားမှတ်ချက် တောင်းခံခြင်း၊

(ဃ) ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မြေနှင့် လွတ်ကင်းမှုရှိသဖြင့် ကန့်ကွက်ရန် မရှိကြောင်း သဘောထားမှတ်ချက် ပြန်ကြားလာပါက တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ကျွန်းစခန်းရေပြင်ဧရိယာသုံးစွဲခွင့်နှင့် ကုန်းမြေဧရိယာအချို့တွင် လုပ်ငန်းသုံးအဆောက်အဦ ဆောက်လုပ်ခွင့်အား ဝန်ကြီးရုံးမှတစ်ဆင့် သဘောထားမှတ်ချက် တောင်းခံခြင်း၊

(င) မြန်မာ့ပုလဲလုပ်ငန်းနှင့် ကုမ္ပဏီတို့၏ လုပ်ငန်းသဘောတူစာချုပ်(မူကြမ်း)အား ပြုစုပြီး သတ္တုတွင်းဦးစီးဌာနသို့ ပေးပို့ခြင်း၊

(စ) သတ္တုတွင်းဦးစီးဌာနမှ စိစစ်ပြီးစာချုပ်(မူကြမ်း)အားပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့၍ သဘောထားမှတ်ချက်တောင်းခံခြင်း၊

(ဆ) ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေရှုထောင့်အရစိစစ်ပြီး ပြင်ဆင်ဖြည့်စွက်ထားသော သဘောတူစာချုပ်(မူကြမ်း)အား ပြည်ထောင်စုဝန်ကြီးရုံးမှ တစ်ဆင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့၍သဘောထားမှတ်ချက်တောင်းခံခြင်း၊

(ဇ) ကာကွယ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး

နှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ သဘောထားမှတ်ချက်များ ပြည့်စုံပါက သဘောတူစာချုပ်(မူကြမ်း) နှင့်အတူပြည်ထောင်စုဝန်ကြီးရုံး(EC)သို့ တင်ပြခြင်း၊

(ဈ) ပြည်ထောင်စုဝန်ကြီးရုံး(EC)မှ သဘောတူပါက ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာ ကော်မတီသို့တင်ပြခြင်း။

(ည) ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီမှ နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက် တင်ပြခြင်း။

(ဋ) နိုင်ငံတော်သမ္မတရုံးမှ ခွင့်ပြုပါက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခြင်း။

(ဌ) ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးမှ သဘောတူပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်လက်တင်ပြခြင်း။

(ဍ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုကြောင်း အကြောင်းကြားပါက မြန်မာ့ပုလဲလုပ်ငန်းဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က)အရ ပြည်ထောင်စုဝန်ကြီးက ခွင့်ပြုမိန့်ထုတ်ပေးပြီး လုပ်ငန်းသဘောတူစာချုပ်အား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီတို့မှ လက်မှတ်ရေးထိုး စာချုပ်ချုပ်ခြင်း။

၃။ **ကြီးကြပ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(က) မြန်မာ့ပုလဲလုပ်ငန်း ဥပဒေပါပြဋ္ဌာန်းချက်များ၊ ဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ သက်ဆိုင်ရာ စည်းကမ်းချက်များကိုလိုက်နာ ခြင်းရှိမရှိစစ်ဆေးခြင်း၊

(ခ) ခွင့်ပြုမိန့်ရ လုပ်ကိုင်လျက်ရှိသော လုပ်ငန်းခွင်မှအလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများကို စောင့်ကြည့်စစ်ဆေးခြင်း၊

(ဂ) ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ တစ်နှစ်လျှင်တစ်ကြိမ် ခွင့်ပြုမိန့်ရ လုပ်ကွက်သို့ သွားရောက် စစ်ဆေးကြီးကြပ်ခြင်း၊

(ဃ) ရေးဆွဲထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အတိုင်း လိုက်နာဆောင်ရွက်မှု ရှိမရှိ ကြီးကြပ်စစ်ဆေးခြင်း။

# အခန်း(၂)

## ပုလဲမွေးမြူရေးကျွမ်းကျင်သူ အဖြစ်လုပ်ကိုင်ရန် လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁။ **လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များ**

(က) လျှောက်လွှာပုံစံ (မပလ-၁၀)ဖြင့် လျှောက်ထားရမည်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ သို့မဟုတ် အခြေခံပညာ အထက်တန်းအောင်လက်မှတ် မိတ္တူ၊

(ဂ) အလုပ်သင် မွေးမြူရေးမှူးလုပ်သက် အနည်းဆုံး(၂)နှစ်ရှိပြီး ဝတ်ဆံသွင်းမှတ်ကောင် (၅၀၀၀)ကောင်နှင့် အနည်းဆုံးဝတ်ဆံမြဲနှုန်းသည် (၇၅%)ကို (၂)နှစ်ဆက်တိုက် ရရှိကြောင်း အထောက်အထား။

၂။ **မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ စိစစ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(က) ပုလဲမွေးမြူရေးကျွမ်းကျင်သူလိုင်စင် ထုတ်ပေးရန် စိစစ်ချိန်တွင် ဘွဲ့ရရှိပြီးသူဖြစ်ပါက အလုပ်သင် မွေးမြူရေးမှူးလုပ်သက် အနည်းဆုံး(၂)နှစ်ရှိပြီး ဝတ်ဆံသွင်း မှတ်ကောင် (၅၀၀၀) ကောင်နှင့် အနည်းဆုံး ဝတ်ဆံမြဲနှုန်းသည် (၇၅%)ကို (၂)နှစ်ဆက်တိုက် ရရှိခြင်း ရှိမရှိစိစစ်ခြင်း၊

(ခ) ပုလဲမွေးမြူရေးကျွမ်းကျင်သူလိုင်စင် ထုတ်ပေးရန် စိစစ်ချိန်တွင် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ပါက အနည်းဆုံးဝတ်ဆံမြဲနှုန်းသည် (၈၀%) ကို (၃) နှစ်ဆက်တိုက်ရရှိခြင်း ရှိမရှိစိစစ်ခြင်း၊

(ဂ) ဌာနဆိုင်ရာနှင့် ယခင်လုပ်ကိုင်ခဲ့ဖူးသော ပုလဲမွေးမြူရေးကုမ္ပဏီများတွင် အရေးယူအပြစ်ပေးခံရခြင်း၊ ပြစ်မှု ၊ ပြစ်ဒဏ် ကျခံဖူးခြင်း ရှိမရှိ စိစစ်ခြင်း၊

(ဃ) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် တင်သွင်းသည့် လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူအား မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ-၁၀နှင့်အညီ မှတ်ပုံတင်လက်မှတ်အတွက် မှတ်ပုံတင်ခြင်းနှင့်အခြား အခကြေးငွေများကို ပေးသွင်းစေပြီး မှတ်ကောင် သားဖောက်ကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ်ကို ပုံစံ(မပလ-၁၃)ဖြင့် ထုတ်ပေးခြင်း။

၃။ **ကြီးကြပ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(က) မှတ်ပုံတင်လက်မှတ် ရရှိသူသည် သတ်မှတ်ထားသည့် ဝတ်ဆံမြဲနှုန်း ရရှိခြင်း ရှိမရှိ လုပ်ငန်းဆောင်ရွက်မှုကို စစ်ဆေး၍ သတ်မှတ်နှုန်းပြည့်မပြည့် စစ်ဆေး ကြပ်မတ်ခြင်း၊

(ခ) ပုလဲအရည်အသွေးကောင်းထွက်ရှိရေးအတွက်မြန်မာ့ပုလဲမှအခါအားလျော်စွာသတ်မှတ်ထားသော စံသတ်မှတ်ချက်များအား လိုက်နာခြင်း ရှိမရှိ စစ်ဆေး ကြပ်မတ်ခြင်း။

## အခန်း(၃)
## မှတ်ကောင်သားဖောက်ကျွမ်းကျင်သူ အဖြစ်လုပ်ကိုင်ရန် လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁။ **လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များ**

(က) လျှောက်လွှာပုံစံ (မပလ-၁၅)ဖြင့်လျှောက်ထားရမည်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊

(ဂ) ပညာသင်ကာလနှင့် ရေအောက်တွင် မှတ်ကောင်သားပေါက် ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိကြောင်းနှင့် မှတ်ကောင်သားဖောက်ခန်းမ ပြင်ဆင်ရန်အတွက် အခြေခံအကျဆုံး ရေပိုက်လိုင်းများ၊ လေပိုက်လိုင်းများ တပ်ဆင်ခြင်းနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများ ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများအား လိုအပ်သလို ပြုပြင်တပ်ဆင်ခြင်းကို ပြုလုပ်နိုင်ကြောင်း မြန်မာ့ပုလဲလုပ်ငန်းမှ အသိအမှတ်ပြု သားဖောက်မွေးမြူရေးပညာရှင်မှ ထောက်ခံချက်။

၂။ **မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှစိစစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(က) ဌာနဆိုင်ရာနှင့် ယခင်လုပ်ကိုင်ခဲ့ဖူးသော ပုလဲမွေးမြူရေးကုမ္ပဏီများတွင် အရေးယူ အပြစ်ပေးခံရခြင်း၊ ပြစ်မှု ၊ ပြစ်ဒဏ် ကျခံဖူးခြင်း ရှိမရှိ စိစစ်ခြင်း၊

(ခ) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် တင်သွင်းသည့် လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါကလျှောက်ထားသူအား မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ-၁၀နှင့်အညီ မှတ်ပုံတင်လက်မှတ်အတွက် မှတ်ပုံတင်ခြင်းနှင့်အခြား အခကြေးငွေများကို ပေးသွင်းစေပြီး မှတ်ကောင်သားဖောက်ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ပုံစံ(မပလ-၁၇)ဖြင့် ထုတ်ပေးခြင်း။

၃။ **ကြီးကြပ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(က) အစာခန်းတွင် အစာမွေးမြူရန်အတွက် ဓာတုဆေးများ ဖျော်စပ်ခြင်းနှင့် အစာအဆင့်ဆင့် မွေးမြူခြင်းအား နားလည်တတ်ကျွမ်းခြင်း ရှိမရှိ စစ်ဆေး ကြပ်မတ်ခြင်း၊

(ခ) မုတ်ကောင်သားဖောက်ရန်အတွက် မုတ်ကောင်များအား စနစ်တကျ ကိုင်တွယ်ခြင်း၊ Gonad ရွေးချယ်ခြင်း၊ Lip Colour ရွေးချယ်ခြင်းနှင့် မိခင်မုတ်ကောင်များအား စနစ်တကျ ထိန်းသိမ်းမွေးမြူနိုင်ခြင်း ရှိမရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(ဂ) သားဖောက်ခန်းမအတွင်း သားလောင်းများအား ရက်သားအလိုက် ပြုစုစောင့်ရှောက်ခြင်း၊ အစာနှင့်ဆေး ကျွေးပုံကျွေးနည်းများကို သိရှိထားခြင်း ရှိမရှိ စစ်ဆေး ကြပ်မတ်ခြင်း၊

(ဃ) ပုလဲအရည်အသွေးကောင်း ထွက်ရှိရေးအတွက် မြန်မာ့ပုလဲမှ အခါအားလျော်စွာ သတ်မှတ်ထားသော စံသတ်မှတ်ချက်များအား လိုက်နာခြင်း ရှိမရှိ စစ်ဆေးကြပ်မတ်ခြင်း။

**အခန်း(၄)**

**မုတ်ကောင်ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူအဖြစ်**
**လုပ်ကိုင်ရန် လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

၁။ **လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များ**

(က) လျှောက်လွှာပုံစံ (မပလ-၁၆)ဖြင့် လျှောက်ထားရမည်၊

(ခ) မုတ်ကောင် ပြုစုစောင့်ရှောက်သည့်လုပ်ငန်းတွင် အနည်းဆုံး ရေအောက်လုပ်သက် (၃)နှစ် တာဝန်ထမ်းဆောင်ဖူးကြောင်း မြန်မာ့ပုလဲ သို့မဟုတ် ပုလဲမွေးကုမ္ပဏီ၏ ထောက်ခံချက်၊

(ဂ) သားပေါက် ထိန်းသိမ်းရေးတာဝန်ခံအနေဖြင့် (၂)နှစ်ဆက်တိုက် နှစ်စဉ်သားပေါက်မုတ်ကောင်ရှင်ကျန်နှုန်း အနည်းဆုံး(၅%) ပျမ်းမျှ ရရှိကြောင်း အထောက်အထား။

၂။ **မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ စိစစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(က) ဌာနဆိုင်ရာနှင့် ယခင်လုပ်ကိုင်ခဲ့ဖူးသော ပုလဲမွေးမြူရေးကုမ္ပဏီများတွင် အရေးယူအပြစ်ပေးခံရခြင်း၊ ပြစ်မှု ၊ ပြစ်ဒဏ် ကျခံဖူးခြင်း ရှိမရှိ စိစစ်ခြင်း၊

(ခ) တင်သွင်းသည့် လျှောက်လွှာကိုစိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူအား မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ-၁၀နှင့်အညီ မှတ်ပုံတင်

လက်မှတ်အတွက် မှတ်ပုံတင်ခြင်းနှင့် အခြားအခကြေးငွေများကို ပေးသွင်းစေပြီး မှတ်ကောင်ပြုစုစောင့်ရှောက်သည့် လုပ်ငန်းကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကို ပုံစံ(မပလ-၁၈) ဖြင့် ထုတ်ပေးခြင်း။

၃။ **ကြီးကြပ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(က) သားပေါက် ထိန်းသိမ်းရေးတာဝန်ခံအနေဖြင့် (၂)နှစ်ဆက်တိုက် နှစ်စဉ်သားပေါက် မှတ်ကောင်ရှင်ကျန်နှုန်း အနည်းဆုံး(၅%) ပျမ်းမျှရရှိခြင်း ရှိမရှိ စစ်ဆေး ကြပ်မတ်ခြင်း၊

(ခ) အရွယ်ရောက်မှတ်ကောင် ထိန်းသိမ်းရေးတာဝန်ခံအနေဖြင့် (၂)နှစ်ဆက်တိုက် နှစ်စဉ် ဝတ်ဆံသွင်းမှတ်ကောင် ထိန်းသိမ်းစောင့်ရှောက်ရာတွင် (၆)လအတွင်း ရေသေ(၁၀%)၊ ဝတ်ဆံမဲ့မှတ်ကောင် ထိန်းသိမ်းစောင့်ရှောက်ရာတွင် တစ်နှစ်ခွဲအတွင်း ရေသေ(၂၀%) အောက် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း ရှိမရှိ စစ်ဆေး ကြပ်မတ်ခြင်း၊

(ဂ) မှတ်ကောင် စာရင်းဇယားများ၊ ဖောင်လိုင်းစာရင်းဇယားများနှင့် လိုင်းအလိုက် မှတ်ကောင်မွေးမြူထားရှိမှု စာရင်းဇယားများအား ကျွမ်းကျင်စွာပြုစု ရေးဆွဲနိုင်ခြင်း ရှိမရှိ စစ်ဆေး ကြပ်မတ်ခြင်း၊

(ဃ) မှတ်ကောင်များ ပြုစုစောင့်ရှောက်ရာတွင် ကိုင်တွယ်ထိန်းသိမ်းပုံ နည်းစနစ်များအား ကောင်းစွာ သိရှိနားလည်ခြင်း ရှိမရှိ စစ်ဆေး ကြပ်မတ်ခြင်း။

## အခန်း(၅)

## ပုလဲမွေးမြူရေး(ရေငုပ်)ကျွမ်းကျင်သူ အဖြစ်လုပ်ကိုင်ရန် လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁။ **လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်များ**

(က) လျှောက်လွှာပုံစံ (မပလ-၁၁)ဖြင့် လျှောက်ထားရမည်၊

(ခ) ပညာအရည်အချင်းအတွက် အထောက်အထားလက်မှတ်မိတ္တူ၊

(ဂ) ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်းခွင်တွင် အနည်းဆုံး(၁)နှစ် တာဝန်ထမ်းဆောင်ဖူးပြီး မြန်မာ့ပုလဲမှ ရေငုပ်ကျွမ်းကျင်သူ ပညာရှင်၏ထောက်ခံချက်လက်မှတ်။

## ၂။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ စိစစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

(က) ဌာနဆိုင်ရာနှင့် ယခင်လုပ်ကိုင်ခဲ့ဖူးသော ပုလဲမွေးမြူရေးကုမ္ပဏီများတွင် အရေးယူအပြစ်ပေးခံရခြင်း၊ ပြစ်မှု ၊ ပြစ်ဒဏ် ကျခံဖူးခြင်း ရှိမရှိ စိစစ်ခြင်း၊

(ခ) တင်သွင်းသည့်လျှောက်လွှာကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူအား မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ-၁၀နှင့်အညီ မှတ်ပုံတင်လက်မှတ်အတွက် မှတ်ပုံတင်ခြင်းနှင့် အခြားအခကြေးငွေများကို ပေးသွင်းစေပြီး ပုလဲမွေးမြူရေး ရေငုပ်ကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ကိုပုံစံ(မပလ-၁၄) ဖြင့် ထုတ်ပေးခြင်း။

## ၃။ ကြီးကြပ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

(က) ခန္ဓာကိုယ် ကျန်းမာသန်စွမ်း၍ ကျန်းမာရေးကောင်းမွန်ပြီး ရေနက်ပိုင်းတွင် အသုံးပြုသည့် မည့်သည့်ရေငုပ်ပစ္စည်းကိရိယာမဆို နားလည်တတ်ကျွမ်းစွာ အသုံးပြုနိုင်ခြင်း ရှိမရှိ စစ်ဆေး ကြပ်မတ်ခြင်း၊

(ခ) ရေပေါ်ရေအောက် ပိုက်ချက်၊ ကြိုးချက် ဆက်သွယ်မှုသင်္ကေတများကို တတ်ကျွမ်းနားလည်ခြင်း ရှိမရှိ စစ်ဆေး ကြပ်မတ်ခြင်း၊

(ဂ) ရေနက်ပိုင်း ရေငုပ်ရာတွင် ရေထုဖိအားကြောင့် ရေနာဖြစ်ခြင်းမှ ကာကွယ်ရန် ဖိအားညှိခြင်းပညာ (နားညှိခြင်း၊ ရေမျက်နှာပြင်သို့ ပြန်တက်ရာတွင် ရေအနက်အလိုက် အချိန် သတ်မှတ်ချက်ဖြင့်နားခြင်း)နှင့် ရေငုပ်ခြင်းနှင့် သက်ဆိုင်သော အခြားစည်းကမ်းချက်များ သိရှိနားလည်ခြင်း ရှိမရှိ စစ်ဆေး ကြပ်မတ်ခြင်း၊

(ဃ) ရေအောက်တွင် အနည်းဆုံး (၄၅) မိနစ်ခန့်အထိ ရေငုပ်နိုင်ရမည်ဖြစ်ပြီး၊ ရေအောက် လုပ်ငန်းများကို အချိန်တိုအတွင်း လျင်မြန်စွာ လုပ်ကိုင်နိုင်ခြင်း ရှိမရှိ စစ်ဆေး ကြပ်မတ်ခြင်း၊

(င) ရေငုပ်တစ်ဦးသည် လိုင်းများဖောင်များ ပြုလုပ်ရသဖြင့် လိုင်းဖောင်များဖွဲ့စည်းရန် လိုအပ်သော ကြိုးချည် ၊ ကြိုးထုံးနည်းများနှင့် ဖောင်ဖွဲ့ လိုင်းချနည်းများကို တတ်ကျွမ်းနားလည် နိုင်ခြင်း ရှိမရှိ စစ်ဆေး ကြပ်မတ်ခြင်း။

## အခန်း(၆)

## မှတ်ကောင်သားဖောက်ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းများ သက်တမ်းတိုး လျှောက်ထားရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ **လုပ်ငန်းသက်တမ်းတိုးလျှောက်ထားရာတွင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

ပုလဲမွေးမြူရေးကုမ္ပဏီများ၏ မူလခွင့်ပြုသက်တမ်းမကုန်ဆုံးမီ (၃)နှစ်ကြိုတင်၍ သက်တမ်းတိုးမြှင့်ခွင့် လျှောက်လွှာဖြင့် လျှောက်ထားလာလျှင် အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ရပါသည် -

(က) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဆောင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း၊

(ခ) ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တွင် သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ ကိုယ်စားလှယ် တစ်ဦးစီ ပါဝင်ဖွဲ့စည်းခြင်း၊

(ဂ) ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာ ကုမ္ပဏီ၏ စာချုပ်ပါ ဧရိယာများကို ကိုက်ညီမှု ရှိ / မရှိ ကုမ္ပဏီအနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အမိန့်ညွှန်ကြားချက်များနှင့်အညီဆောင်ရွက်မှု ရှိ/မရှိစစ်ဆေးပြီး ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ သုံးသပ် အကြံပြုချက်များပါသော သက်တမ်းတိုးပေးသင့်/မသင့် အစီရင်ခံစာတင်ပြခြင်း၊

(ဃ) ဝန်ကြီးရုံးမှတစ်ဆင့်ကာကွယ်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်တောင်းခံခြင်း၊

(င) ဝန်ကြီးရုံးမှ တစ်ဆင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်တောင်းခံခြင်း၊

(စ) ဝန်ကြီးရုံးမှ တစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်တောင်းခံခြင်း၊

(ဆ) ဝန်ကြီးရုံးမှ တစ်ဆင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်တောင်းခံခြင်း၊

(ဈ) လိုအပ်သော သဘောထားမှတ်ချက်များ ပြည့်စုံပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ သို့တင်ပြခြင်း၊

(ဈ) ဝန်ကြီးဌာန သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရ စီးပွားရေးရာ ကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် သို့ တင်ပြခြင်း၊

(ည) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြခွင့်ပြုချက် ရယူခြင်း၊

(ဋ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပါက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခြင်း။

## ၂။ ကြီးကြပ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

(က) ကုမ္ပဏီသည် ခွင့်ပြုဧရိယာအတွင်း ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းရှိမရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(ခ) မြန်မာ့ပုလဲဥပဒေအရ မှတ်ပုံတင်ပြုလုပ်ရန်လိုအပ်သော မှတ်ကောင်ငုပ်ရေယာဉ်၊ ပုလဲမွေးမြူရေးကျွမ်းကျင်သူ၊ မှတ်ကောင်သားဖောက် ကျွမ်းကျင်သူ၊ မှတ်ကောင် ပြုစုစောင့်ရှောက်သည့်လုပ်ငန်းကျွမ်းကျင်သူ၊ ပုလဲမွေးမြူရေးရေငုပ်ကျွမ်းကျင် သူများသည် မှတ်ပုံတင်ပြုလုပ်ထားခြင်း ရှိမရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(ဂ) မြန်မာ့ပုလဲမှ အခါအားလျော်စွာထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာခြင်း ရှိမရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(ဃ) ကုမ္ပဏီစာချုပ်ပါ ကတိကဝတ်များကို အကောင်အထည်ဖော်ခြင်း ရှိမရှိ စစ်ဆေး ကြပ်မတ်ခြင်း၊

(င) ပုလဲအရည်အသွေး တိုးတက်ရေးနှင့် ပုလဲထုတ်လုပ်မှုတိုးတက်ရေးအတွက် သုတေသနပြုလုပ်ခြင်း၊ နည်းလမ်းတီထွင်ကြံဆခြင်းရှိမရှိစစ်ဆေး ကြပ်မတ်ခြင်း၊

(စ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အချိန် နှင့် တစ်ပြေးညီ ဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(ဆ) ပုလဲဈေးကွက်တွင် မြန်မာ့ပုလဲ၏ နာမည်ကောင်းကို ထိန်းသိမ်းရန် ပုလဲ၏ အရည်အသွေးကောင်းကို ထိန်းထားနိုင်ခြင်း ရှိမရှိ စစ်ဆေးကြပ်မတ်ခြင်း။

## အခန်း(၇)

## မှတ်ကောင်သားဖောက် ပုလဲထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကွက်ပိတ်သိမ်းရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

### ၁။ လုပ်ကွက်ပိတ်သိမ်းရသည့် အကြောင်းရင်းများ

(က) စာချုပ်ဝင်တစ်ဖက်ဖက်မှစာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်ခဲ့ပြီး ၎င်းစည်းကမ်းဖောက်ခဲ့မှုအား ပြန်လည်ကောင်းမွန်အောင် ပြုပြင်မည်ဆိုလျှင် ပြုပြင်နိုင်ဖွယ်ရှိသော်လည်း စာချုပ်မဖောက်ဖျက်သည့်ဖက်မှ ဤကဲ့သို့ စည်းကမ်းချိုးဖောက်ခဲ့မှု အသေးစိတ်အား စာဖြင့်ရေးသားသတိပေးပြီးနောက်ပိုင်း ရက်ပေါင်း (၉၀) ကြာသည့် တိုင်အောင် ဆက်လက်ကောင်းမွန်အောင် ပြုပြင်မှု မရှိခြင်း၊

( ခ ) မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခုသည် (၁)နှစ်တာကာလအထိ ဆက်လက် တည်ရှိနေခြင်း၊

( ဂ ) စာချုပ်ပါစည်းကမ်းချက်အရ သက်တမ်းကုန်ဆုံးခြင်း၊

(ဃ) စာချုပ်ချုပ်ဆိုပြီး (၁၂) လအတွင်း လုပ်ငန်းဆောင်ရွက်မှု မရှိခြင်း၊

( င ) တိုးတက်ဖွံ့ဖြိုးမှုအဆင့်သည် ပုလဲမွေးမြူရေးအဆင့်သို့ ဆက်လက်ကူး ပြောင်းရန် မသင့်လျော် ကြောင်း ခိုင်မာစွာ ဆုံးဖြတ်နိုင်ခြင်း၊

( စ ) ကန်ထရိုက်တာသည် ဤစာချုပ်အရ ရည်ရွယ်ထားသည့် လုပ်ငန်းများနှင့် ပတ်သက်ပြီး ကြီးမားသော ဆုံးရှုံးမှုများကို ဆက်လက်ခံနေရခြင်း၊

( ဆ) ကန်ထရိုက်တာသည် ကုန်ထုတ်လုပ်မှု စတင်၍ (၄) နှစ်ပြည့်မြောက်ပြီးနောက် ဘဏ္ဍာရေးနှစ် (၂)နှစ်ဆက်တိုက် လုပ်ငန်းနှင့်ပတ်သက်ပြီး အရှုံးများဆက်လက် ကျခံနေရခြင်း။

### ၂။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှစိစစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

(က) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဆောင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း၊

( ခ ) ဝန်ကြီးရုံးမှ တစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်တောင်းခံခြင်း၊

(ဂ) ဝန်ကြီးရုံးမှတစ်ဆင့်ပြည်ထောင်စုရှေ့နေချုပ်ရုံး၏သဘောထားမှတ်ချက်တောင်းခံခြင်း၊

(ဃ) ဝန်ကြီးရုံးမှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်တောင်းခံခြင်း၊

(င) ဝန်ကြီးရုံးမှတစ်ဆင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်တောင်းခံခြင်း၊

(စ) လိုအပ်သော သဘောထားမှတ်ချက်များ ပြည့်စုံပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ သို့တင်ပြခြင်း။

(ဆ) ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရ စီးပွားရေးရာကော်မတီသို့ တင်ပြ အတည်ပြုချက်ရယူခြင်း။

(ဇ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြခြင်း။

(ဈ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူခြင်း။

(ည) ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ရရှိပါက လုပ်ကွက်ပိတ်သိမ်းခြင်း၊

(ဋ) လုပ်ကွက်ပိတ်သိမ်းခြင်းနှင့်ပတ်သက်၍ စာချုပ်ရပ်စဲသည့်နေ့မတိုင်မီ ပုလဲမွေးမြူရေးစခန်းရှိဝတ်ဆံသွင်းပြီး မုတ်ကောင်လက်ကျန်များကိုပုလဲဖော်ချိန်အထိထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပြီး ဖော်ယူရရှိသော ပုလဲများကိုလည်း စာချုပ်ပါ ခွဲဝေမှုအချိုးအတိုင်း ခွဲဝေရမည်။ မုတ်ကောင်ဖမ်းဆီးခြင်း၊ မွေးမြူခြင်း၊ ဝတ်ဆံသွင်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခြင်းမပြုရ၊

(ဌ) ကုမ္ပဏီ၏လုပ်ငန်းသုံးနှင့် ကုန်ကြမ်းပစ္စည်းများ၏ ပိုင်ဆိုင်မှုအားလုံးကို မြန်မာ့ပုလဲလုပ်ငန်းသို့ လွှဲပြောင်းပေးရမည်၊

(ဍ) သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ဆန်းစစ်ခြင်းနှင့်ပျက်စီးသွားပါက ကုစားဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်။

## အခန်း(၈)

## အုပ်ချုပ်မှုဆိုင်ရာ စံချိန်စံနှုန်းညီ လုပ်ထုံးလုပ်နည်း ဆိုင်ရာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

**၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(က) လုပ်ငန်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် အမည်စာရင်းများအား ဝန်ကြီးရုံးသို့ တင်ပြ ခွင့်ပြုမိန့် တောင်းခံခြင်း၊

(ခ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များအား အထွေထွေမန်နေဂျာမှ စိစစ်တင်ပြ၍ ဦးဆောင် ညွှန်ကြားရေးမှူး၏အတည်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ဂ) မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ၊ ဒုတိယအထွေထွေမန်နေဂျာ၊ လက်ထောက်အထွေထွေမန်နေဂျာတို့မှ အဖွဲ့ခေါင်း ဆောင်အဖြစ် ဆောင်ရွက်ပြီးလုပ်ငန်းနှင့် သက်ဆိုင်သည့်အမှုထမ်း၊ လက်ထောက် မန်နေဂျာနှင့် အထက်အရာထမ်းများ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခြင်း၊

(ဃ) ကုမ္ပဏီများ၏ ကျွန်းစခန်းများသို့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ သွားရောက် စစ်ဆေးရန် မြန်မာ့ပုလဲလုပ်ငန်းမှ ဝန်ထမ်း(၅)ဦးနှင့် သတ္တုတွင်းဦးစီးဌာနမှ ဝန်ထမ်း(၁)ဦးဖြင့် တစ်နှစ်လျှင် တစ်ကြိမ် သွားရောက်စစ်ဆေးခြင်း၊

(င) ဦးဆောင်ညွှန်ကြားရေးမှူးမှ စိစစ်ရွေးချယ်ထားသော လုပ်ငန်းစစ်ဆေးရေး အဖွဲ့တွင် သတ္တုတွင်းဦးစီးဌာနမှ အဖွဲ့ဝင်(၁)ဦး ထည့်သွင်း ဖွဲ့စည်းပေးနိုင်ရန် သတ္တုတွင်းဦးစီးဌာနသို့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ အမည်စာရင်းများ ပေးပို့ခြင်း၊

(စ) သတ္တုတွင်းဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦးအား မြန်မာ့ပုလဲလုပ်ငန်းမှ ဖွဲ့စည်း ပေးထားသောအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်း၍ ဝန်ကြီးရုံးသို့ တင်ပြ ခြင်း၊

(ဆ) ဝန်ကြီးရုံးမှ ခွင့်ပြုကြောင်း ပြန်ကြားစာရရှိပါက ဌာနတွင်း လုပ်ငန်းစစ်ဆေးရေး အဖွဲ့ ဖွဲ့စည်းခြင်း ရုံးအမိန့်ထုတ်ပြန်ခြင်း။

**၂။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

(က) မြန်မာ့ပုလဲလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေအရ ထုတ် ပြန်သည့် နည်းဥဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ သက်ဆိုင်ရာ စည်းကမ်းချက်များကိုခွင့်ပြုမိန့်ရရှိသူနှင့်မှတ်ပုံတင်လက်မှတ်ရရှိသူတို့က လိုက်နာ ခြင်း ရှိ/ မရှိ စစ် ဆေးခြင်း၊

(ခ) ခွင့်ပြုမိန့်အရ လုပ်ကိုင်လျက်ရှိသော လုပ်ငန်းခွင်မှ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံများအတိုင်းလိုက်နာဆောင်ရွက်မှု ရှိ/ မရှိ စစ်ဆေးခြင်း၊

(ဃ) ကုမ္ပဏီအနေဖြင့် မိမိရရှိထားသော အမြတ်များမှ ပတ်ဝန်းကျင်နှင့် ရပ်ရွာအကျိုးအတွက် လူထုအကျိုးပြု ဆောင်ရွက်ချက်များကို စိစစ်ထိန်းကျောင်းခြင်း။

၃။ **ကြီးကြပ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(က) မှတ်ကောင်မွေးမြူထားရှိမှု၊ ထုတ်လုပ်မှုအားစာရင်းဇယားနှင့် မျက်မြင်တွေ့ရှိမှုကို စစ်ဆေးကြပ်မတ်ခြင်း။

(ခ) ကျွန်းစခန်းတွင် စီမံအုပ်ချုပ်မှု၊ လုပ်သားခန့်ထားမှုနှင့် သက်သာချောင်ချိရေး ကိစ္စများအား စစ်ဆေးကြပ်မတ်ခြင်း။

(ဂ) ရင်းနှီးမြုပ်နှံမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးကြပ်မတ်ခြင်း။

(ဃ) သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ရှိမရှိ စစ်ဆေးကြပ်မတ်ခြင်း။

## အခန်း(၉)

## ပုလဲဖော်ယူခြင်း လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ **မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှစိစစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

ပုလဲဖော်မည့်ကျွန်းစခန်းမှ ပုလဲဖော်မည့်အစီအစဉ်အား အနည်းဆုံး(၃)လ ကြိုတင်တင်ပြလာလျှင် အောက်ပါအတိုင်းစိစစ်ဆောင်ရွက်ရပါသည်-

(က) ပုလဲဖော်ကြီးကြပ်ရေးအဖွဲ့အား ရုံးချုပ်မှ အရာထမ်း(၂)ဦး၊ ကျွန်းစခန်းမှ အရာထမ်း(၂)ဦး တို့ဖြင့်ဖွဲ့စည်းခြင်းကို အထွေထွေမန်နေဂျာမှစိစစ်၍ ဦးဆောင်ညွှန်ကြားရေးမှူး၏ အတည်ပြုချက်ရယူကာ ဝန်ကြီးရုံးသို့ တင်ပြခြင်း။

(ခ) ဝန်ကြီးရုံးမှခွင့်ပြုချက်ရရှိပါက ဌာနမှ ပုလဲဖော်ကြီးကြပ်ရေးအဖွဲ့ ရုံးအမိန့်ထုတ်ပြန် ဖွဲ့စည်းခြင်း။

(ဂ) ပြည်တွင်းပုလဲဖော်ကြီးကြပ်ရေးအဖွဲ့အား ဌာနမှအရာထမ်း(၁)ဦး၊ ဌာနကိုယ်စားလှယ်တစ်ဦးနှင့် ကုမ္ပဏီ(၃)ဦးဖြင့် ဖွဲ့စည်းခြင်းအား အထွေထွေမန်နေဂျာမှစိစစ်၍

ဦးဆောင်ညွှန်ကြားရေးမှူး၏ အတည်ပြုချက်ရယူကာ ဝန်ကြီးရုံးသို့ တင်ပြပါသည်။

၂။ **ကြီးကြပ်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

(က) ပုလဲဖော်မည့်နေ့မတိုင်မီ မှတ်ကောင်ခွဲစိတ်ခန်းအား သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်ကြပ်မတ်ခြင်း။

(ခ) နေ့စဉ်ပုလဲဖော်ယူမှုအား စစ်ဆေးပြီး ရရှိသောပုလဲများအား အလုံးရေနှင့်အလေးချိန် မှန်ကန်မှု ရှိမရှိ စိစစ်၍ မီးလုံအာမခံအခန်းတွင် လုံခြုံစွာသိမ်းဆည်းခြင်းအား စိစစ်ကြပ်မတ်ခြင်း။

(ဂ) ပုလဲဖော်လုပ်ငန်းစဉ် ပြီးဆုံးပါက ပုလဲများအားလုံး၏အရည်အတွက်နှင့် အလေးချိန်ကိုစစ်ဆေးပြီး ထုတ်ပိုးချိတ်ထိုး၍ ဌာနပိုင်/ကုမ္ပဏီပိုင် ရုံးချုပ်သို့ သယ်ဆောင်မှုအား တာဝန်ယူ ကြပ်မတ်ခြင်း။

(ဃ) ပုလဲဖော်လုပ်ငန်းစဉ်ပြီးဆုံးပါက သုံးသပ်အစီရင်ခံစာ ပြုစု၍ ဦးဆောင်ညွှန်ကြားရေးမှူးထံ တင်ပြခြင်း။

**အခန်း(၁၀)**

**ပုလဲများတန်ဖိုးဖြတ်ခြင်းဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

၁။ **မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှစိစစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(က) မြန်မာ့ပုလဲလုပ်ငန်းဥပဒေ ပုဒ်မ(၂၅)၊ ပုဒ်မခွဲ(က)အရ ညွှန်ကြားရေးမှူးချုပ်တစ်ဦး(သို့) ဦးဆောင်ညွှန်ကြားရေးမှူးတစ်ဦး ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး ပုလဲကျွမ်းကျင်သူများပါဝင်စေလျက် အနည်းဆုံး အဖွဲ့ဝင်(၇)ဦးမှ အများဆုံး(၁၁)ဦးဖြင့် တန်ဖိုးဖြတ်အဖွဲ့ဖွဲ့စည်းခြင်း၊

(ခ) မြန်မာ့လုပ်ငန်း၏ ဌာနပိုင် ဖော်ယူခဲ့သော ပုလဲများတန်ဖိုးဖြတ်ခြင်း၊

(ဂ) ပြည်တွင်းဖက်စပ် ပုလဲမွေးမြူရေးကုမ္ပဏီများမှ ဖော်ယူခဲ့သောပုလဲများအား တန်ဖိုးဖြတ်ခြင်း၊

(ဃ) ပြည်ပဖက်စပ်ပုလဲမွေးမြူရေး ကုမ္ပဏီများမှပုလဲများကို တန်ဖိုးဖြတ်ပေးပြီး စာချုပ်ပါအချိုးအတိုင်း နိုင်ငံတော်နှင့် (၂၅:၇၅)ရာခိုင်နှုန်း ခွဲဝေပေးခြင်း၊

(င) ပြည်တွင်းတွင် တင်ပြရောင်းချမည့် ပုလဲများတန်ဖိုးဖြတ်ခြင်း၊

(စ) ပြည်ပတွင် တင်ပြရောင်းချမည့် ပုလဲများတန်ဖိုးဖြတ်ခြင်း၊

(ဆ) ပြည်ပတွင်တင်ပြရောင်းချမည့် ပုလဲများကို တန်ဖိုးဖြတ်ခြင်း ဆောင်ရွက်ပြီးပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အတည်ပြုချက်ရယူခြင်း၊

(ဇ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အတည်ပြုချက်ရရှိပြီးပါက ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန် ဦးစီးဌာန၏ စစ်ဆေးမှုကိုခံယူပြီး ပြည်ပသို့ သွားရောက်ရောင်းချခြင်း ဆောင်ရွက်ခြင်း။

## အခန်း(၁၁)

## ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့်မှတ်ခွဲရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုမိန့် (မှတ်ခွဲ) လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

**၁။ ခွင့်ပြုမိန့်(မှတ်ခွဲ) လျှောက်ထားရာတွင်ပါဝင်ရမည့်အချက်များ**

(က) ကိုယ်တိုင်ရေးလျှောက်လွှာဖြင့် လျှောက်ထားခြင်း။

(ခ) မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေ၅ (ခ) ပုံစံ(မပလ-၆)၊ လျှောက်လွှာဖြင့် လျှောက်ထားခြင်း၊

(ဂ) မှတ်ပုံတင်မိတ္တူ၊

(ဃ) ကုမ္ပဏီမှတ်ပုံတင်(သို့) မှတ်ခွဲအချောထည် လုပ်ငန်းလိုင်စင်(သို့) အသေးစားစက်မှု လက်မှု လုပ်ငန်း မှတ်ပုံတင်လက်မှတ်မိတ္တူ။

**၂။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှစိစစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

(က) ဌာနတွင်း စီမံခန့်ခွဲမှုကော်မတီတွင် မှတ်တမ်းတင်အတည်ပြု၍ ဝန်ကြီးရုံးသို့ ခွင့်ပြုမိန့်ထုတ်ပေးရန် တင်ပြခြင်း။

(ခ) ဝန်ကြီးရုံးမှ ပြန်ကြားစာရရှိပါက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး သို့တင်ပြခြင်း။

(ဂ) ဝန်ကြီးရုံး (EC) အတည်ပြုချက်ရရှိပြီးပါက မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေ-၁၀၊ နည်းဥပဒေခွဲ (ဃ) အရ အခကြေးငွေ ကျပ်တစ်သိန်း ပေးသွင်းစေခြင်း။

(စ) ကျပ်တစ်သိန်း ပေးသွင်းပြီးပါက မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေ ၆ (ဃ)၊ ပုံစံ (မပလ-၈)ဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မှတ်ခွဲရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်အား ဌာနအကြီးအကဲမှ လက်မှတ်ထိုးထုတ်ပေးခြင်း။